# ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

**Karenni State Consultative Council (KSCC)**

Karenni State Consultative Council (KSCC), Email: teamseckscc@protonmail.com

## ရှစ်လေးလုံးနေ့ (၈.၈.၈၈) (၃၄) နှစ်မြောက် အထိမ်းအမှတ် သဝဏ်လွှာ

**၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့။**

မြန်မာပြည်ဖက်ဒရယ်ဒီမိုကရေစီအရေးအတွက် မျိုးစေ့ချခဲ့သော သမိုင်းဝင်နေ့ထူးနေ့မြတ် ဖြစ်သည့် ရှစ်လေးလုံး (၈.၈.၈၈) အရေးတော်ပုံ၏ (၃၄) နှစ်ပြည့် ဤနေ့ထူးနေ့မြတ် အခါသမယတွင် စစ်အာဏာရှင်နှင့် အာဏာရှင်များ၊ အာဏာရှင်စနစ်တစ်ခုလုံးကို ရဲရင့်စွာ စွန့်လွှတ်စွန့်စား ပေးဆပ်မှုများစွာဖြင့် တိုက်လှန်နေကြသော မြန်မာပြည်သူလူထုကြီး နှင့် တော်လှန်ရေးသူရဲကောင်းအပေါင်းတို့အား စိတ်၏ချမ်းသာခြင်းသုခ၊ ကိုယ်၏ကျန်းမာခြင်းသုခများနှင့် ပြည့်စုံ၍ ကပ်ဆိုးရောဂါအမျိုးမျိုးမှ ကင်းဝေးကြပါစေကြောင်း၊ အကြမ်းဖက်စစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်သည့် ညှင်းပန်းနှိပ်စက်မှု အမျိုးမျိုးမှ အမြန်ဆုံး လွတ်မြောက်ကြပါစေကြောင်း လေးနက်စွာ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအကိုများသည် လွတ်လပ်ရေးရပြီးသည့် နောက်တွင် တရားမျှတ၍ တန်းတူညီမျှပြီး ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်သည့် တိုင်းပြည်တခုအဖြစ်သို့ ရောက်ရှိရန် ကြိုးပမ်းခဲ့ကြသော်လည်း၊ အကြမ်းဖက်စစ်တပ်မှ အာဏာတပ်မက်သူ လက်တဆုပ်စာက ပြည်သူ့အာဏာကို လုယူကာ၊ လူထုတရပ်လုံး၏ မျှော်လင့်ချက်များကို ရိုက်ချိုးခဲ့သည်။ အာဏာရှင်စနစ်ဆိုးတည်မြဲရေးကို ကြိုးစားအားထုတ် ကျင့်သုံးခဲ့ကြသည်။ ထိုအချိန်မှစ၍ အာရှတခွင်တွင် ချမ်းသာကြွယ်ဝပြီး လူနေမှုမြင့်မားသည့် မိမိတို့ မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ စာရင်းဝင်ခဲ့ရသလို၊ ဖွံ့ဖြိုးတိုးတက်မှု အနောက်ကျဆုံး အနိမ့်ကျဆုံး တိုင်းပြည်တပြည်လည်း ဖြစ်ခဲ့ရပါသည်။

တရားမျှတမှုကင်းမဲ့သည့် စစ်အာဏာရှင်စနစ်ဆိုးကြီး ထာဝရ ပျက်သုဉ်းမှသာ တိုင်းပြည်တွင် တည်ငြိမ်အေးချမ်း၍ လွတ်လပ်ပြီး တန်းတူညီမျှသည့် ပြည်ထောင်စုတခုကို တည်ထောင်နိုင်မည့် အမှန်တရားကို သိမြင်ကြသည့် ကျောင်းသားလူငယ်မောင်မယ်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ရဟန်းရှင်လူ များ အားလုံး တလုံးတဝတည်း ပေါင်းစည်းမိခဲ့ရာမှ အပြေကာ အသက်သွေးချွေးများစွာ စတေးခဲ့ရသည့် ဤ သမိုင်းဝင် ရှစ်လေးလုံး (၈.၈.၈၈) အရေးတော်ပုံ ကြီး စတင် ပေါ်ပေါက်လာခဲ့ရပါသည်။ အခြေအနေ၊ အချိန်အခါနှင့် အင်အားမမျှတသည့် အခြေခံအကြောင်းတရားအမျိုးမျိုးကြောင့် သမိုင်းဝင် ရှစ်လေးလုံး (၈.၈.၈၈) အရေးတော်ပုံကြီးမှာ စစ်အာဏာရှင်စနစ်ကို အမြစ်မဖြုတ်နိုင်ခဲ့သော်လည်း၊ ထိုစနစ်ဆိုးကို ရွံရှာမုန်းတီးလျက် သမိုင်းပေးတာဝန်တရပ်အနေဖြင့် ဆက် လက် တိုက်ပွဲဝင် တော်လှန်နိုင်ကြရန် ကောင်းသောနိုင်ငံရေးမျိုးစေ့ကို ယခု ကာလတိုင်အောင် မျိုးစေ့ချပေးနိုင်ခဲ့သလို အဆုံးသတ်တိုက်ပွဲကြီးဖြစ်သည့် ဤ နွေဦးတော်လှန်ရေးကိုလည်း အန္တိမပန်းတိုင်သို့ အရောက်လှမ်းနိုင်အောင် နက်ရှိုင်းစွာ တွန်းအားပေးလျက် ရှိပါသည်။

အသက်သွေးချွေးမြောက်များစွာ ပေးဆပ်အနစ်နာခံရင်း လှပစွာ သမိုင်းဝင် မော်ကွန်းရေးထိုးခဲ့သည့် ရှစ်လေးလုံး (၈.၈.၈၈) အရေးတော်ပုံကြီး၏ ဤ (၃၄) နှစ်မြောက်နေ့နှင့်အတူ (၈.၈.၈၈) တွင် ကျဆုံးခဲ့ရသည့် အာဇာနည်များ အားလုံးကို မိမိတို့ ကရင်နီပြည်သူလူထုတရပ်လုံးနှင့် ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ၏ နှလုံးသားထက်တွင် ထာဝရ ကမ္ပည်း ရေးထိုး မှတ်တမ်းတင်ကာ ဂုဏ်ပြုဦးညွှတ်နေမည်ဖြစ်ပါသည်။ ထို့အတူ ခေတ်အဆက်ဆက်မှ ဤ နွေဦးတော်လှန်ရေးကာလအထိ အာဏာရှင်စနစ်ကို ရဲရင့်စွာ တော်လှန်ရင်း လမ်းခုလတ်တွင် ကျဆုံးခဲ့ရသည့် အာဇာနည်များ၊ ရဲဘော်ရဲဘက်များ၊ ဤ နွေဦးတော်လှန်ရေးကာလအထိ တိုင်အောင် လူငယ်မောင်မယ် မျိုးဆက်သစ်များနှင့်အတူ ဆက်လက်၍ အဆုံးသတ်တိုက်ပွဲတွင် ပါဝင်လျက်ရှိကြသည့် ရှစ်လေးလုံး (၈.၈.၈၈) မျိုးဆက်များ အားလုံးကိုလည်း လေးနက်စွာ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။ မိမိတို့ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီအနေဖြင့် အကြမ်းဖက်စစ်ကောင်စီ၊ စစ်အာဏာရှင်စနစ်ဆိုးနှင့် အာဏာရှင်ဟူသမျှ မြန်မာပြည်မြေပေါ်မှ အမြန်ဆုံး အမြစ်ပြုတ်ပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးကို အောင်မြင်စွာ တည်ထောင်နိုင်သည်အထိ ဆက်လက် ကြိုးပမ်းတိုက်လှန်သွားမည်ဖြစ်ကြောင်း တော်လှန်ရေးသစ္စာဖြင့် ဤ သဝဏ်လွှာကို ပေးပို့အပ်ပါသည်။

***** အရေးတော်ပုံ အောင်ရမည်*****

**ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ ( KSCC )**